စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၉/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ ဇွန်လ(၃၀) ရက်

| ၂၈-၆-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂,၁၀၀.၀ |
| ယူရို | ၂,၃၀၀ |
| စင်္ကာပူဒေါ်လာ | ၁,၅၅၃.၉ |
| စတာလင်ပေါင် | ၂,၆၆၇.၂ |
| ဂျပန်ယန်း (၁၀၀) | ၁,၄၅၈.၀ |
| တရုတ်ယွမ် | ၂၈၉.၉၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၈.၁၂ |
| အိန္ဒိယရူပီး | ၂၅.၅၉၁ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၀.၄၇ |
| မလေးရှား ရင်းဂစ် | ၄၄၉.၅၃ |
| ဖိလစ်ပိုင်ပီဆို | ၃၈.၀၃၀ |
| ထိုင်းဘတ် | ၅၈.၉၃၉ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၁၂၅ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**

- Belt and Road Initiative ကြောင့် ပြည်ပမှတင်သွင်းလာသော ဒူးရင်းသီးများကို တရုတ်နိုင်ငံ၌ ဈေးသက်သာစွာဖြင့် ဝယ်ယူစားသုံးလာနိုင်
- အရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးများသည် တရုတ်ဈေးကွက်၌ အကျိုးအမြတ်များ ရရှိနေ
- ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုအား ယခုနှစ်ကုန်အထိ ပိတ်ပင်ရန် အဆိုပြုထား
- ရုရှားနိုင်ငံသည် စိုက်ပျိုးရေးနှစ်သစ်တွင် ဂျုံတန်ချိန် သန်း ၆၀ ခန့် တင်ပို့နိုင်
- ရုရှားတွင် ရာသီအလိုက် လယ်ယာလုပ်ငန်းအတွက် ချေးငွေ ၄ ရာခိုင်နှုန်း တိုးလာ
- ရုရှားသည် ကမ္ဘာ့စားနပ်ရိက္ခာတင်ပို့မှု ထိပ်တန်း ၂၀ စာရင်းထဲသို့ ပြန်လည် ဝင်ရောက်လာ

- **အထွေထွေသတင်းများ**

- တရုတ်နိုင်ငံသည် NEV များ ဝယ်ယူမှုအတွက် အခွန်သက်သာခွင့်ကို ဆက်လက်သက်တမ်းတိုး
- ရုရှားရေနံဈေးနှုန်းသတ်မှတ်ချက်အပေါ် တုံ့ပြန်သည့်အမိန့်အား သက်တမ်းတိုးမြှင့်

## Belt and Road Initiative ကြောင့် ပြည်ပမှတင်သွင်းလာသော ဒူးရင်းသီးများကို တရုတ်နိုင်ငံ၌ ဈေးသက်သာစွာဖြင့် ဝယ်ယူစားသုံးလာနိုင်

အရှေ့တောင်အာရှတွင် "အသီးအနှံများ၏ဘုရင်" ဟု လူသိများသော ဒူးရင်းသီးသည် ၎င်း၏ နူးညံ့မှုနှင့် ထူးခြားသောအရသာကြောင့် တရုတ်စားသုံးသူများအကြား ရေပန်းစားလာခဲ့သော်လည်း ဈေးနှုန်းမြင့်မားမှုသည် စားသုံးသူများကို စဉ်းစားစရာဖြစ်စေခဲ့ကြောင်း သိရှိရပါသည်။

သို့သော် ယခုအခါ အရှေ့တောင်အာရှနိုင်ငံများတွင် ဒူးရင်းသီး ထွက်ရှိသည့်ရာသီချိန်ဖြစ်သည့်အပြင် တရုတ်နိုင်ငံနှင့် Belt and Road Initiative လမ်းကြောင်းတစ်လျှောက်ရှိ နိုင်ငံများအကြား နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများကို လွယ်ကူချောမွေ့စေသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကြောင့် ဒူးရင်းသီးဈေးကျဆင်းလာသဖြင့် ဒူးရင်းသီးကြိုက်နှစ်သက်သူများအတွက် ပျော်ရွှင်စရာဖြစ်လာကြောင်း သိရှိရပါသည်။

အဆိုပါ နိုင်ငံတကာထောက်ပံ့ပို့ဆောင်ရေးလမ်းကြောင်းများသည် ကုန်သွယ်မှုကို သိသိသာသာမြှင့်တင်ပေးပြီး အရှေ့တောင်အာရှရှိ ဒူးရင်းသီးထွက်ရှိသော နိုင်ငံများနှင့် တရုတ်နိုင်ငံ၏ ကုန်းတွင်းပိုင်းဒေသများအကြား သယ်ယူပို့ဆောင်ချိန်ကို လျှော့ချပေးခဲ့ကြောင်း သိရှိရပါသည်။

၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ၊ အနောက်ပိုင်းပြည်နယ်များနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် ချုံချင့်မြို့ကို သယ်ယူပို့ဆောင်ရေးဗဟိုအဖြစ်ထားရှိ၍ နိုင်ငံတကာကုန်းမြေ-ပင်လယ်ရေကြောင်းကုန်သွယ်ရေးစင်္ကြံ (New International Land-Sea Trade Corridor)ကို ပူးတွဲဖွင့်လှစ်ခဲ့ကြပြီး အဆိုပါစင်္ကြံသည် Belt and Road Initiative အောက်ရှိ အဓိက အစီအစဉ်များထဲမှ တစ်ခုဖြစ်ကြောင်း သိရှိရပါသည်။

အဆိုပါကုန်သွယ်ရေးစင်္ကြံမစတင်မီ အရှေ့တောင်အာရှနိုင်ငံများမှ ဒူးရင်းသီးများကို တရုတ်နိုင်ငံအရှေ့ပိုင်းမြို့များသို့ ပင်လယ်ရေကြောင်းဖြင့် ဦးစွာတင်ပို့ပြီးမှသာ အနောက်ပိုင်းဒေသများသို့ ဆက်လက်ပို့ဆောင်ရသဖြင့် သယ်ယူပို့ဆောင်ချိန်ကြာမြင့်မှုနှင့် စရိတ်စကကြီးမြင့်မှုတို့ကြောင့် တရုတ်နိုင်ငံ အနောက်ပိုင်းဈေးကွက်သို့ ဝင်ရောက်ရန် ခက်ခဲခဲ့ပြီး အဆိုပါ ဒေသရှိစားသုံးသူများ အနေဖြင့်လည်း ဒူးရင်းသီးဈေးနှုန်း ကြီးမြင့်မှုကို ကြုံတွေ့ခဲ့ရကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန် (၁၁)ရက်နေ့တွင် ထိုင်းဒူးရင်းသီး တန်ချိန် (၅၀၀)ခန့် တင်ဆောင်လာသော နယ်စပ်ဖြတ်ကျော်ရထားတစ်စီးသည် နိုင်ငံတကာကုန်းမြေ-ပင်လယ်ရေကြောင်း ကုန်သွယ်ရေးစင်္ကြံမှတစ်ဆင့် ပထမဆုံးအကြိမ်အဖြစ် ချုံချင့်မြို့သို့ တိုက်ရိုက်ရောက်ရှိလာကြောင်း သိရှိရပါသည်။

Agribusiness & Trade

ယခင်ရေကြောင်း၊ ကုန်းကြောင်းတို့မှအဆင့်ဆင့် ပို့ဆောင်သည့် ကြာချိန်(၈)ရက်မှ (၁၀) ရက်နှင့်နှိုင်းယှဉ်ပါက ယခုခရီးစဉ်တစ်ခုလုံးသည် (၄)ရက်သာကြာမြင့်ခဲ့ကြောင်း ဒူးရင်းသီးတင်သွင်းသည့်ကုမ္ပဏီ Hongjiu Fruit ၏ chief operating officer ဖြစ်သူ Deng Haoji က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သစ်သီးတင်သွင်းသူများအတွက် အချိန်သည် တန်ဖိုးရှိကြောင်း၊ ယခုကဲ့သို့ ဒူးရင်းသီးကို ရထားဖြင့် တိုက်ရိုက်ပို့ဆောင်ခြင်းသည် ကုန်ကျစရိတ်နှင့် သယ်ယူပို့ဆောင်ရာတွင် ဆုံးရှုံးမှုများကို လျှော့ချပေးပြီး နောက်ဆုံးတွင် စားသုံးသူများကို ပိုမိုအကျိုးရှိစေကြောင်း Deng က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ယခုကုန်သွယ်ရေးစကြံသစ်သည် တရုတ်နိုင်ငံ၏ ပြည်နယ်အဆင့်ဒေသကြီး (၁၈)ခုရှိမြို့ပေါင်း (၆၁)မြို့ကို လွှမ်းခြုံထားပြီး နိုင်ငံနှင့်ဒေသပေါင်း (၁၁၉)ခုရှိ ဆိပ်ကမ်း (၃၉၃) ခုအထိ တိုးချဲ့ထားကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဧပြီလအထိ ချုံချင့်မြို့သည် အဆိုပါစင်္ကြံမှတစ်ဆင့် ပေ(၂၀) ကွန်တိန်နာ (၅၁,၀၀၀)ကို ပို့ဆောင်ခဲ့ပြီး ယခင်နှစ်ထက် (၃၇)ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း၊ ကုန်ပစ္စည်းတန်ဖိုးသည် ယွမ် (၇.၈၈)ဘီလီယံကျော်ရှိပြီး ယခင်နှစ်ထက် (၂၄)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါစင်္ကြံကြောင့် ထောက်ပံ့ပို့ဆောင်ရေးသည် အလွန်တိုးတက်လာပြီး တရုတ်နိုင်ငံ၏ ဈေးကွက်ဝယ်လိုအားသည်လည်း အရှိန်အဟုန်ဖြင့် ကြီးထွားလာသဖြင့် တရုတ်ဈေးကွက်သည် ၎င်းအတွက် အလွန်အရေးကြီးသည်ဟု Hongjiu Fruit သို့ ဒူးရင်းသီး အဓိကရောင်းချသည့် ထိုင်းနိုင်ငံမှ ဒူးရင်းခြံပိုင်ရှင် Pornlert Chanto က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ဒူးရင်းသီးများအပြင် ထိုင်းနဂါးမောက်သီး၊ အင်ဒိုနီးရှားကော်ဖီ၊ လာအိုဘီယာနှင့် ဗီယက်နမ်ဘာဆာငါး(basa fish)ကဲ့သို့သော အရှေ့တောင်အာရှဒေသမှ အထူးထွက်ကုန်များသည်လည်း ကုန်သွယ်မှုစင်္ကြံမှတစ်ဆင့် တရုတ်ဈေးကွက်သို့ လျင်မြန်စွာ ဝင်ရောက်လာလျက်ရှိကြောင်း သိရှိရပါသည်။

Source:https://english.news.cn/20230628/a358eda1df1c4606b515d7bb608572c4/c.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

……………………………………………………………………

Agribusiness & Trade

## အရှေ့တောင်အာရှနိုင်ငံများမှ သစ်သီးများသည် တရုတ်ဈေးကွက်၌ အကျိုးအမြတ်များ ရရှိနေ

နယ်စပ်ဒေသရှိ အခြေခံအဆောက်အဦများကို အဆင့်မြှင့်တင်လိုက်ခြင်းကြောင့် ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် သစ်သီးဝလံများ အပြန်အလှန်ကုန်သွယ်မှုကို မြှင့်တင်လာနိုင်ကြောင်း၊ တရုတ်စားသုံးသူများ၏ ကြိုက်နှစ်သက်မှုတိုးလာခြင်းနှင့် တရုတ်နိုင်ငံ အနေဖြင့် COVID-19 တုံ့ပြန်မှုအစီအမံများကို ဖြေလျှော့လိုက်ပြီးနောက် ကုန်သွယ်မှု ပိုမိုလွယ်ကူချောမွေ့လာခြင်းတို့ကြောင့် အရှေ့တောင်အာရှနိုင်ငံများသည် အပူပိုင်းဒေသထွက် သစ်သီးဝလံများကို တရုတ်နိုင်ငံသို့ ဆက်လက်တိုးမြှင့်တင်ပို့လျက်ရှိကြောင်း chinadaily သတင်း၌ ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလတွင် တရုတ်နိုင်ငံသည် ကွာရန်တင်းဝင်ရခြင်းကို ဖြေလျှော့လိုက်ပြီးနောက် ပြည်ပမှတင်သွင်းသော သစ်သီးဝလံများ၏ ဝယ်လိုအားသည် တဖြည်းဖြည်းများပြားလာကာ ပြည်တွင်းနှင့် ပြည်ပကုန်သည်များသာမက လက်လီရောင်းချသူများအတွက်ပါ အခွင့်အလမ်းများ ပိုမိုရရှိလာခဲ့ကြောင်း သိရှိရပါသည်။

အာဆီယံနိုင်ငံများနှင့် ကုန်းမြေ၊ ရေကြောင်း နှစ်ခုစလုံးဖြင့် ချိတ်ဆက်ထားသည့် တရုတ်နိုင်ငံရှိ တစ်ခုတည်းသောဒေသဖြစ်သည့် ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် တရုတ်နှင့် အာဆီယံဈေးကွက်နှစ်ခုအကြား သစ်သီးသယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွင် အားသာချက်များရှိနေပြီး ဗီယက်နမ်နှင့်ထိစပ်နေသည့် ကွမ်ရှီးဒေသ၊ ဖိန်းရှန်(Pingxiang)ရှိ Youyi နယ်စပ်ဂိတ်သည် အာဆီယံနှင့် တရုတ်နိုင်ငံတို့အကြား အကြီးဆုံးဂိတ်ဖြစ်ကြောင်း သိရှိရပါသည်။

ယခုအခါ Youyi ဂိတ်သို့ နေ့စဉ်ဝင်ထွက်သည့် ယာဉ်အစီးရေသည် အခြေခံအားဖြင့် ကိုဗစ်မတိုင်မီကာလအခြေအနေသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်ဟု ဖိန်းရှန်(Pingxiang) နယ်စပ်ဂိတ်စီမံခန့်ခွဲမှုကော်မတီမှ တာဝန်ရှိသူ Nong Weipeng က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

လတ်ဆတ်သစ်သီးဝလံများကို သယ်ယူပို့ဆောင်ရာတွင် ထောက်ပံ့ပို့ဆောင်မှု၊ သိုလှောင်ရုံနှင့် မြန်ဆန်သည့် အကောက်ခွန်ရှင်းလင်းမှုစသဖြင့် လိုအပ်ချက်များ များပြားကြောင်း၊ သစ်သီးဝလံများ လတ်ဆတ်မှုရှိစေရန်နှင့် တိုးတက်လာသည့် ဝယ်လိုအားကို ဖြည့်ဆည်းပေးရန်အတွက် ဒေသဆိုင်ရာအကောက်ခွန်ရှင်းလင်းရေးနှင့် နယ်စပ်စစ်ဆေးရေးဌာနများသည် ထိရောက်သည့် အထောက်အကူပြုအစီအမံများကို ဆောင်ရွက်ပေးလျက်ရှိသည်ဟု Nong က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ပထမလေးလတွင် Youyi ဂိတ်မှတစ်ဆင့် ကုန်တင်ယာဉ် (၁၁၅,၂၀၀)စီး ဖြတ်သန်းခဲ့ပြီး ယခင်နှစ်ထက် (၁၅၈) ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် Youyi

Agribusiness & Trade

ဂိတ်၏ သွင်းကုန်နှင့် ပို့ကုန်တန်ဖိုးသည် ယွမ် (၁၂၈.၇) ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၈ ဘီလီယံ)ရှိခဲ့ပြီး (၃၀၁)ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း ဒေသန္တရအစိုးရ၏ အချက်အလက်များအရ သိရှိရပါသည်။

၂၀၂၃ ခုနှစ်၊ ဇွန်လတွင် နယ်စပ်ဂိတ်ရှိ လမ်းသစ် (၆)ခုကို စတင်အသုံးပြုခဲ့ရာ လက်ရှိတွင် အဝင်ကုန်တင်ယာဉ်များအတွက် (၆)လမ်းနှင့် အထွက်ကုန်တင်ယာဉ်များအတွက် (၆)လမ်း စုစုပေါင်း (၁၂)လမ်းအထိ ရှိလာခဲ့ကြောင်း၊ အဆိုပါလမ်းသစ်များဖွင့်လှစ်ခြင်းကြောင့် နယ်စပ်၌ ဝန်ဆောင်မှုစွမ်းရည်ကို (၃၀)ရာခိုင်နှုန်း မြှင့်တင်ပေးနိုင်ခဲ့ကြောင်း ဒေသန္တရအစိုးရ၏ အချက်အလက်များအရ သိရှိရပါသည်။

Source: www.chinadaily.com.cn/a/202306/22/WS64938348a310bf8a75d6b282.html

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး

နန်နင်း

## ရုရှားနိုင်ငံမှ ဆန်တင်ပို့မှုအား ယခုနှစ်ကုန်အထိ ပိတ်ပင်ရန် အဆိုပြုထား

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ စိုက်ပျိုးရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံမှ ဆန်နှင့် စပါး တင်ပို့မှုအား ၂၀၂၃ နှစ်ကုန်အထိ ယာယီပိတ်ပင်ထားရန် အဆိုပြုထားပြီး သက်ဆိုင်ရာအစိုးရ၏ ဥပဒေမူကြမ်းကို ဖက်ဒရယ် Website တွင် ထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံမှ ဆန်၊ စပါးတင်ပို့မှု ယာယီတားမြစ်ချက်သည် ဥပဒေအသက်ဝင်သည့်နေ့မှစ၍ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိမည်ဖြစ်ကြောင်း အဆိုပါဥပဒေမူကြမ်းတွင် ဖော်ပြထားသည်။

ယင်းတားမြစ်ချက်သည် ရုရှားနိုင်ငံမှ ဥရောပအာရှစီးပွားရေးသမဂ္ဂ(EAEU) အဖွဲ့ဝင် နိုင်ငံများ ၊ Abkhazia ၊ South Ossetia နိုင်ငံများသို့ တင်ပို့သည့် ဆန်၊ နိုင်ငံတကာအစိုးရ အချင်းချင်း သဘောတူညီချက်များအရ တင်ပို့သည့်ဆန်များအပြင် အစိုးရ၏ ဆုံးဖြတ်ချက်များအရ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာ အကူအညီပေးရန် ကုန်စည်များနှင့် မသက်ဆိုင်ကြောင်း ဖော်ပြထားသည်။

ထို့အပြင် နိုင်ငံတကာဖြတ်သန်းသွားလာမှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရုရှားနိုင်ငံမှ ပို့ဆောင်သည့် ကုန်စည်များနှင့် ပုဂ္ဂိုလ်ရေးအသုံးပြုရန်အတွက် ပြည်ပသို့တင်ပို့သည့် ဆန်များအပေါ်တွင်လည်း သက်ရောက်မှုမရှိကြောင်း ဖော်ပြထားပါသည်။

ရုရှားနိုင်ငံမှ အမိုင်နိုအက်ဆစ်၊ ဆန်နှင့် စပါးများ တင်ပို့မှုတားမြစ်ချက်သည် ၂၀၂၂ ခုနှစ် ဇွန်လ ၃၀ ရက်တွင် အစိုးရမှ စတင်ချမှတ်ခဲ့ပြီး ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းရှိခဲ့သည်။ ပြီးခဲ့

သည့်နှစ်ကုန်ပိုင်းတွင် ရုရှားအစိုးရက ဆန်နှင့် စပါး တင်ပို့ရန် တားမြစ်ချက်ကို ၂၀၂၃ ခုနှစ် ဇွန်လ ၃၀ ရက်အထိ သက်တမ်းတိုးခဲ့သည်။ ၎င်းဆုံးဖြတ်ချက်သည် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံမှုကို အာမခံရန်၊ အဆိုပါထုတ်ကုန်များအတွက် ပြည်တွင်းဈေးနှုန်းများ တည်ငြိမ်စေရန်နှင့် မွေးမြူရေးနှင့် ပြုပြင်ထုတ်လုပ်သည့် လုပ်ငန်းများကို ထောက်ပံ့ကူညီရန် ရည်ရွယ်ကြောင်း သိရှိရပါသည်။

Source : https://tass.ru/ekonomika/18070957

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

.........................................................................

## ရုရှားနိုင်ငံသည် စိုက်ပျိုးရေးနှစ်သစ်တွင် ဂျုံတန်ချိန် သန်း ၆၀ ခန့် တင်ပို့နိုင်

ရုရှားနိုင်ငံသည် စိုက်ပျိုးရေးနှစ်သစ်(၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်ထိ)တွင် ဂျုံတင်ပို့မှုပမာဏမှာ တန်ချိန် သန်း ၆၀ ခန့် ရှိနိုင်ကြောင်း ရုရှားနိုင်ငံ၏ ဒုတိယဝန်ကြီးချုပ် Victoria Abramchenko က TASS သတင်းဌာနနှင့်အင်တာဗျူးတစ်ခုတွင် ပြောကြားခဲ့သည်။

ရုရှားစိုက်ပျိုးရေးဝန်ကြီး Dmitry Patrushev က စိုက်ပျိုးရေးနှစ်သစ်တွင် ရုရှားနိုင်ငံသည် ဂျုံတန်ချိန် သန်း ၅၀ မှ ၅၅ အထိ တင်ပို့နိုင်ပြီး ယခုနှစ်တွင်လည်း တန်ချိန် သန်း ၅၅ ကျော် တင်ပို့နိုင်ကြောင်း အစောပိုင်းတွင် ပြောကြားခဲ့သည်။ ၂၀၂၁-၂၀၂၂ စိုက်ပျိုးရေးနှစ်တွင် ရုရှားနိုင်ငံသည် ဂျုံတန်ချိန် ၃၈.၁ သန်း တင်ပို့မှုရှိခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

ဒုတိယဝန်ကြီးချုပ်က ရုရှားနိုင်ငံအပေါ် ပိတ်ဆို့အရေးယူမှုများကြောင့် ရုရှားပို့ကုန် လုပ်ငန်းရှင်များသည် အခက်အခဲအချို့ကို ရင်ဆိုင်နေကြောင်း ထောက်ပြခဲ့သည်။ ၎င်းတို့မှာ အပြန်အလှန်ငွေပေးချေမှု၊ ထောက်ပံ့ပို့ဆောင်ရေး၊ သင်္ဘောများ၏ အာမခံတို့နှင့် သက်ဆိုင်သည်။ ရလဒ်အနေဖြင့် ပို့ကုန်လုပ်ငန်းရှင်များသည် အခြားဈေးကွက်များဖြစ်သည့် ကမ္ဘာ့တောင်ပိုင်း၊ လက်တင်အမေရိက၊ အာဖရိကသို့ ပြောင်းရွှေ့သွားကြသည်။ ၂၀၁၃ ခုနှစ်တွင် ရုရှား၏ လယ်ယာထွက်ကုန် တင်ပို့မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၆.၃ ဘီလီယံ ရှိခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၄၁.၅ ဘီလီယံအထိ ရှိခဲ့သည်။

လူဦးရေတိုးလာသဖြင့် ပို့ကုန်အတွက် ခန့်မှန်းချက်ကောင်းများ ရှိကြောင်း၊ ရာသီဥတုဖောက်ပြန်မှု၊ မြေဆီလွှာပျက်စီးမှု၊ ရေချို့ပြတ်လပ်မှုတို့ကြောင့် စိုက်ပျိုးရေးအတွက် အဆင်မပြေသည့် ဒေသများရှိကြောင်း၊ ထို့ကြောင့် ရုရှားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာ ထောက်ပံ့ပေးသည့်နိုင်ငံဖြစ်လာရန် အခွင့်အလမ်းများရှိကြောင်း၊ လက်ရှိတွင် ရုရှားသည် ကမ္ဘာလုံးဆိုင်ရာ

စားနပ်ရိက္ခာထောက်ပံ့ရေးစာရင်းတွင် အဆင့် ၁၈ နေရာ၌ ရပ်တည်လျက်ရှိပြီး ရည်မှန်းချက်မှာ ၂၀၃၀ ခုနှစ်တွင် ထိပ်ဆုံး ၁၀ နေရာသို့ ရောက်ရှိရန်ဖြစ်ကြောင်း Victoria Abramchenko က အလေးပေးပြောကြားခဲ့ပါသည်။

Source : https://tass.ru/ekonomika/18029483?ysclid=liyw3g2vjq980904924

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

.....................................................................

## ရုရှားတွင် ရာသီအလိုက် လယ်ယာလုပ်ငန်းအတွက် ချေးငွေ ၄ ရာခိုင်နှုန်း တိုးလာ

ရုရှားနိုင်ငံတွင် ရာသီအလိုက် လယ်ယာလုပ်ငန်းအတွက် ချေးငွေပမာဏသည် ၂၀၂၃ ခုနှစ် အစောပိုင်းတွင် ၂၀၂၂ ခုနှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၄ ရာခိုင်နှုန်း တိုးလာခဲ့သည်။ ဇွန်လ ၂၀ ရက်နေ့အထိ အဆိုပါချေးငွေသည် ရူဘယ် ၅၁၃.၉ ဘီလီယံအထိ ရှိခဲ့ကြောင်း ရုရှား စိုက်ပျိုးရေး ဝန်ကြီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားပါသည်။

ဇွန်လ ၂၀ ရက်နေ့အထိ အဓိကဘဏ်များက ရာသီအလိုက် လယ်ယာလုပ်ငန်းများအတွက် ထုတ်ပေးထားသော ချေးငွေစုစုပေါင်းပမာဏသည် ရူဘယ် ၅၁၃.၉ ဘီလီယံဖြစ်ကြောင်း၊ ၎င်းသည် ယခင်နှစ် အလားတူကာလထက် ၄ ရာခိုင်နှုန်း ပိုများကြောင်း၊ အထူးသဖြင့် Rosselkhozbank (စိုက်ပျိုးရေးဘဏ်)သည် ရူဘယ် ၃၅၁.၅ ဘီလီယံနှင့် Sberbank (အစိုးရဘဏ်)သည် ရူဘယ် ၁၆၂.၄ ဘီလီယံ အသီးသီးထုတ်ပေးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဝန်ကြီးဌာန၏အစီရင်ခံစာတွင် ယခင်နှစ်အလားတူကာလတွင် အဆိုပါစိုက်ပျိုးရေး လုပ်ငန်းများအား ထုတ်ပေးခဲ့သော ချေးငွေပမာဏမှာ ရူဘယ် ၄၉၃.၇ ဘီလီယံဖြစ်ကြောင်း၊ အဆိုပါချေးငွေတွင် Rosselkhozbank ဘဏ်သည် ရူဘယ် ၃၃၅.၄ ဘီလီယံ နှင့် Sberbank ဘဏ်သည် ရူဘယ် ၁၅၈.၃ ဘီလီယံ အသီးသီးထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

Source : https://tass.ru/ekonomika/18121531

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

...............................................................................................................

Agribusiness & Trade

## တရုတ်နိုင်ငံသည် NEV များ ဝယ်ယူမှုအတွက် အခွန်သက်သာခွင့်ကို ဆက်လက်သက်တမ်းတိုး

စွမ်းအင်သစ်သုံးယာဉ်များ(New Energy Vehicle-NEVs) ထုတ်လုပ်မှုလုပ်ငန်းကို ဆက်လက်ပံ့ပိုးကူညီရန် ကြိုးပမ်းမှုတစ်ခုအဖြစ် တရုတ်နိုင်ငံသည် စွမ်းအင်သစ်သုံးယာဉ်များ ဝယ်ယူမှုအတွက် အခွန်သက်သာခွင့်မူဝါဒကို ၂၀၂၇ ခုနှစ်ကုန်အထိ တိုးမြှင့်လိုက်သည်ဟု တရုတ်အာဏာပိုင်များက ပြောကြားခဲ့ကြောင်း Xinhua သတင်း၌ ဖော်ပြထားပါသည်။

၂၀၂၄ ခုနှစ်နှင့် ၂၀၂၅ ခုနှစ်များတွင် ဝယ်ယူသည့် NEV များအတွက် အခွန်ကင်းလွတ် ခွင့်ရရှိမည်ဖြစ်ပြီး ဝယ်ယူသည့်ခရီးသည်တင်ယာဉ်တိုင်းသည် အခွန်ကင်းလွတ်ခွင့် ယွမ် (၃၀,၀၀၀) (အမေရိကန်ဒေါ်လာ ၄,၁၇၈.၅၆ ခန့်)အထိ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်နယ်အခွန်ဦးစီးဌာနနှင့် စက်မှုနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ ထုတ်ပြန်သောကြေညာချက်အရ သိရှိရပါသည်။

၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်များတွင် ဝယ်ယူမည့် NEV များအတွက် အခွန်ကို ယခင်နှစ်ထက် တစ်ဝက်လျှော့ချပေးမည်ဖြစ်ပြီး ဝယ်ယူသည့်ခရီးသည်တင်ယာဉ်တိုင်းသည် အခွန်ကင်းလွတ်ခွင့် ယွမ်(၁၅,၀၀၀) အထိ ခံစားခွင့်ရရှိမည်ဖြစ်ကြောင်းနှင့် အဆိုပါလုပ်ဆောင်မှုသည် NEVs ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးရန်နှင့် စွမ်းအင်သစ်ယာဉ်အသုံးပြုမှုကို လှုံ့ဆော်ရန် ကြိုးပမ်းခြင်းဖြစ်သည်ဟု ထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

အခွန်မက်လုံးသည် တရားဝင်စာရင်းတွင် ပါဝင်သော လျှပ်စစ်စွမ်းအင်သုံး၊ ဟိုက်ဘရစ်နှင့် လောင်စာဆီသုံးမော်တော်ယာဉ်များအားလုံး အကျုံးဝင်ပြီး ပဏာမခန့်မှန်းချက်များအရ အဆိုပါမူဝါဒသည် အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်စုစုပေါင်း ယွမ် (၅၂၀)ဘီလီယံအထိ ရှိလာမည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး Xu Hongcai က (၂၁-၆-၂၀၂၃) ရက်နေ့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံသည် NEV များအတွက် ဝယ်ယူခွန်ကင်းလွတ်ခွင့်မူဝါဒကို ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့တွင် စတင်မိတ်ဆက်ခဲ့ပြီး အဆိုပါမူဝါဒကို ၂၀၁၇ ခုနှစ်၊ ၂၀၂၀ ပြည့် နှစ်နှင့် ၂၀၂၂ ခုနှစ်တွင် သုံးကြိမ် သက်တမ်းတိုးခဲ့ကြောင်း၊ လက်ရှိမူဝါဒသည် ယခုနှစ်ကုန်အထိ သက်ရောက်မှုရှိကြောင်း သိရှိရပါသည်။

ယခင်နှစ်ကုန်ပိုင်းအထိ အခွန်သက်သာခွင့်မူဝါဒသည် ယွမ် (၂၀၀)ဘီလီယံကျော်အထိ ကင်းလွတ်ခွင့်ရရှိစေခဲ့ပြီး ယခုနှစ်အတွင်း ယွမ် (၁၁၅)ဘီလီယံကျော် အခွန်ကင်းလွတ်ခွင့် ရရှိနိုင်သည်ဟု မျှော်လင့်ထားကြောင်း Xu က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

Agribusiness & Trade

တရုတ်နိုင်ငံတွင် ယခုနှစ် ပထမငါးလ၌ NEV ထုတ်လုပ်မှုသည် ယခင်နှစ်ထက် (၄၅.၁) ရာခိုင်နှုန်းတိုးတက်လာပြီး ယာဉ်အစီးရေ (၃)သန်းကျော်ရှိကြောင်း၊ NEV ရောင်းအားမှာ ယခင်နှစ်ကထက် (၄၆.၈)ရာခိုင်နှုန်း တိုးလာခဲ့ပြီး အစီးရေ (၂.၉၄)သန်းအထိရှိကြောင်းနှင့် NEV ရောင်းအားသည် နိုင်ငံ၏စုစုပေါင်း ကားသစ်ရောင်းချရမှု၏ (၂၇.၇)ရာခိုင်နှုန်းရှိပြီး တိုးတက်မှုအရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ကြောင်း သိရှိရပါသည်။

မကြာသေးမီနှစ်များအတွင်း အားသွင်းရုံများ အပါအဝင် အခြေခံအဆောက်အဦများကို ပံ့ပိုးပေးမှု သိသိသာသာတိုးတက်လာသည်ကို တွေ့မြင်ခဲ့ရပြီး အားသွင်းရုံ အရေအတွက်သည် ၂၀၁၅ ခုနှစ်တွင် (၁၀၀,၀၀၀)အောက်သာရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် (၅.၂၁)သန်းအထိ တိုးလာခဲ့ကြောင်း၊ ယခုနှစ် မေလကုန်တွင် တရုတ်၏ အားသွင်းရုံများသည် (၆.၃၆)သန်းနီးပါးအထိ ရှိလာခဲ့ကြောင်း သိရှိရပါသည်။

သို့သော်လည်း တရုတ်နိုင်ငံ၏ ဈေးကွက်ကိုဦးတည်သော NEV ဖွံ့ဖြိုးတိုးတက်မှုသည် ဟန်ချက်မညီဘဲ နိုင်ငံအရှေ့မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများတွင် နောက်ကျ ကျန်နေပြီး လူစီး NEV များရောင်းချမှုသည် ခရီးသည်တင် NEV များထက် ပိုမိုနည်းပါး၍ ကျေးလက်ဒေသ ဈေးကွက်ကိုလည်း အပြည့်အဝအသုံးချနိုင်ခြင်းမရှိကြောင်း၊ အဆိုပါပြဿနာများကို ကိုင်တွယ်ဖြေရှင်းသွားမည်ဖြစ်ပြီး NEV လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန် မူဝါဒများ ထပ်မံထွက်ပေါ်လာမည်ဖြစ်ကြောင်း Xin က ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

Source:https://english.news.cn/20230621/1671d5aee4864db5b11c1a4f8c6453b4/c.html
ကောခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

................................................................................................

## ရုရှားရေနံဈေးနှုန်းသတ်မှတ်ချက်အပေါ် တုံ့ပြန်သည့်အမိန့်အား သက်တမ်းတိုးမြှင့်

ရုရှားသမ္မတဗလာဒီမာပူတင်သည် ရုရှားရေနံနှင့် ရေနံထွက်ကုန်များအတွက် အမြင့်ဆုံးဈေးနှုန်းသတ်မှတ်ချက်အပေါ် ပြန်လည်တုံ့ပြန်ရေးဆိုင်ရာစည်းမျဉ်းအမိန့်ကို ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့သည်။ အဆိုပါအမိန့်ကို တရားဝင်သတင်းအချက် အလက်များထုတ်ပြန်ကြေညာသည့် အင်တာနက် Website ပေါ်တွင် သတင်းထုတ်ပြန် ထားသည်။

ဗလာဒီမာပူတင်သည် ဈေးနှုန်းသတ်မှတ်ချက်ဖြင့် စာချုပ်များ ချုပ်ဆိုပါက ရုရှားနိုင်ငံမှ နိုင်ငံခြားသို့ ရေနံရောင်းချမှု တားမြစ်ရေးအမိန့်ကို ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့

သည်။ အဆိုပါအမိန့်သည် ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့အထိ အကျုံးဝင်ခဲ့သည်။ ခြွင်းချက် အနေဖြင့် သမ္မတ၏ အထူးဆုံးဖြတ်ချက်များသည် အကျုံးမဝင်ကြောင်း ဖော်ပြထားပါသည်။

EU နိုင်ငံများ၊ G7 နိုင်ငံများ၊ ဩစတြေးလျ၊ နော်ဝေးနှင့် အခြားနိုင်ငံများသည် ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက်တွင် ရုရှားမှ တင်သွင်းသော ရေနံများကို ရေနံတစ်စည်လျှင် ဒေါ်လာ ၆၀ ဖြင့် ဈေးနှုန်းသတ်မှတ်ချက် ချမှတ်ခဲ့ပါသည်။

Source :https://www.kommersant.ru/doc/6068591http://publication.pravo.gov.ru/document/0001202306260007

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

..............................................................................

## ရုရှားသည် ကမ္ဘာ့စားနပ်ရိက္ခာတင်ပို့မှု ထိပ်တန်း ၂၀ စာရင်းထဲသို့ ပြန်လည်ဝင်ရောက်လာ

ရုရှားဖက်ဒရေးရှင်းနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ကမ္ဘာ့စားနပ်ရိက္ခာတင်ပို့မှု ထိပ်တန်းနိုင်ငံ ၂၀ စာရင်းထဲသို့ ပြန်လည်ဝင်ရောက်လာခဲ့ပြီး အဆင့် ၁၇ နေရာ၌ ရပ်တည်ကာ ၎င်း၏ အစု ရှယ်ယာကို ၂.၁ ရာခိုင်နှုန်းအထိ တိုးမြှင့်ခဲ့ကြောင်း ရုရှားစိုက်ပျိုးရေးဝန်ကြီးဌာန လက်အောက်ရှိ "Agroexport" ဖက်ဒရယ်ဌာနမှ သတင်းထုတ်ပြန်ခဲ့ပါသည်။

စားနပ်ရိက္ခာထုတ်ကုန်များနှင့် စိုက်ပျိုးရေးကုန်ကြမ်းများ အများဆုံးတင်ပို့ရောင်းချသည့် နိုင်ငံများတွင် ရုရှားသည် အဆင့် ၁၇ နေရာ၌ ရပ်တည်နေပြီး ၎င်း၏ရှယ်ယာကို ၂.၁ ရာခိုင်နှုန်းထိ တိုးမြှင့်ခဲ့ကြောင်း၊ ထို့အပြင် စိုက်ပျိုးရေးထုတ်ကုန်များတင်ပို့မှု ထိပ်တန်းနိုင်ငံ ၂၀ စာရင်းများ အနက် ရုရှားနိုင်ငံသည် ပြီးခဲ့သည့် ၁၀ နှစ်အတွင်း တင်ပို့မှုပမာဏမှာ ၂.၅ ဆဖြင့် အများဆုံး တိုးတက်ခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

၂၀၂၂ ခုနှစ် ရလဒ်များအရ ရုရှား၏ လယ်ယာထွက်ကုန်တင်ပို့မှုသည် ၁၂ ရာခိုင်နှုန်း တိုးလာပြီး အမေရိကန်ဒေါ်လာ ၄၁.၆ ဘီလီယံသို့ ရောက်ရှိခဲ့သည်။ ရုရှားနိုင်ငံ၏ တင်ပို့ရောင်းချမှုမှ ရရှိသည့် ဝင်ငွေသည် ကောက်ပဲသီးနှံ တင်ပို့မှုတွင် ၁၈ ရာခိုင်နှုန်း၊ အဆီနှင့် ဆီထုတ်ကုန် တင်ပို့မှုတွင် ၂၅ ရာခိုင်နှုန်း၊ အသားထုတ်ကုန် ၂၃ ရာခိုင်နှုန်း၊ စားသောက်ကုန်နှင့်စက်မှုကုန်ထုတ်လုပ်ငန်းများ ၁.၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။ သို့သော် ၂၀၂၂ ခုနှစ်တွင် ငါးနှင့်ပင်လယ်စာတင်ပို့မှုသည် ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ၁၂ ရာခိုင်နှုန်းနှင့် နို့ထွက်ပစ္စည်းများတင်ပို့မှုမှာ ၁.၉ ရာခိုင်နှုန်းသို့ အသီးသီးကျဆင်းသွားခဲ့ကြောင်း Agroexport ကမှတ်ချက်ပြုခဲ့သည်။

Agribusiness & Trade

အမေရိကန်ပြည်ထောင်စုသည် စိုက်ပျိုးရေးထုတ်ကုန်များ အများဆုံးတင်ပို့သူအဖြစ် ၎င်း၏ နေရာကို ဆက်လက်ထိန်းသိမ်းထားပြီး နိုင်ငံခြားဈေးကွက်များသို့ ရောင်းချမှုကို ၉.၁ ရာခိုင်နှုန်းဖြင့် အမေရိကန်ဒေါ်လာ ၁၉၃ ဘီလီယံအထိ တိုးမြှင့်လာခဲ့သည်။ ဒုတိယနေရာတွင် ဘရာဇီးနိုင်ငံသည် ပို့ကုန်များကို ၃၅ ရာခိုင်နှုန်းဖြင့် တိုး၍ အမေရိကန်ဒေါ်လာ ၁၃၅ ဘီလီယံအထိ တိုးမြှင့်နိုင်ခဲ့သည်။ နယ်သာလန်နိုင်ငံသည် ဒုတိယနေရာမှ တတိယနေရာသို့ ကျဆင်းခဲ့ပြီး ကမ္ဘာ့အကြီးဆုံး ကုန်ပစ္စည်း တင်ပို့သူ ၅ နိုင်ငံစာရင်းထဲတွင် ဂျာမနီနှင့် တရုတ်တို့သည်လည်း ပါဝင်သည်။

Source : https://tass.ru/ekonomika/18127777

ခွန်မျိုးသူ၊ စီးပွားရေးသံမှူး
မော်စကို

……………………………………………………………………………………………………

Agribusiness & Trade